# ကြည်အေး၏ “ထွက်ပြေးချင်တယ်” ကဗျာကို ပုဂ္ဂလိက အမှတ်လက္ခဏာ အကျဉ်းအကျပ်ရှုထောင့် (Identity Crisis)မှ ချဉ်းကပ်လေ့လာခြင်း

ဒေါက်တာဝင်းမင်းသိန်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေ နယ်ပယ်ရှိ ကဗျာကဏ္ဍတွင် ပါဝင်သော ခေတ်ကဗျာကဏ္ဍမှ ကဗျာဆရာမ ကြည်အေး၏ “ထွက်ပြေးချင်တယ်” ကဗျာကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ရန်ကုန်မြို့ မိုးမင်းစာပေတိုက်မှ ၁၉၉၂ ခု မတ်လတွင် ဒုတိယအကြိမ် ထုတ်ဝေသော ကြည်အေး “ကြည်အေး၏ကဗျာများ” စာအုပ်မှ “ထွက်ပြေးချင်တယ်” ကဗျာကို လေ့လာခံအဖြစ် သက်မှတ်ပါသည်။ လေ့လာရာတွင် ငြိမ်းဝေ၏ “ကွန်ဆက်ချူရယ် ကဗျာဗေဒနဲ့ ခေတ်ပြိုင် ကဗျာဆရာ” စာအုပ်မှ ခေတ်ကဗျာ လေ့လာနည်းဆိုင်ရာ (Identity Crisis) နည်းစနစ် အချက်များကို အခြေခံ၍ လေ့လာတင်ပြ ထားခြင်း ဖြစ်ပါသည်။ ကြည်အေး၏ “ထွက်ပြေးချင်တယ်” ကဗျာကို လေ့လာရာတွင် အချက်(၁၂)ချက် အနက် (၆)ချက်သာ ကိုက်ညီမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ခေတ်ပေါ်ကဗျာများ၏ သဘောသဘာဝကို နားလည်သဘောပေါက်လာစေသည့် အကျိုးကျေးဇူးကို ရရှိနိုင်မည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ – ခေတ်ပေါ်၊ ကဗျာ့အတွေး၊ ဖန်တီးမှု၊ စိတ်ကူးဉာဏ်၊ ကဗျာ့အလှ၊ ကဗျာ့ကျေးဇူး

## နိဒါန်း

အနုပညာခံစားမှုကို ဖန်တီးပုံဖော်ရာတွင် ခေတ်ပေါ်ကဗျာဖန်တီးမှု သည်လည်း မှတ်တိုင်တစ်ခုအဖြစ် ပါဝင်နေပါသည်။ မျက်မှောက်ခေတ်တွင် ခေတ်ပေါ်ကဗျာများကို လေ့လာရာတွင် ကဗျာ့သဘောတရား၊ ကဗျာ့အတတ်ပညာ၊ ကဗျာ့ခံစားမှု ဟူသော အခြေခံ အချက်သုံးချက်ကို ချဲ့ထွင်၍ ဖန်တီးလာကြပါသည်။ ပြောင်းလဲလာသည့် ခေတ်စနစ်များအရ အနုပညာ ဖန်တီးသူနှင့် ခံစားသူတို့၏ စိတ်ကူး၊ အတွေး၊ အတွေ့အကြုံ၊ အသိအမြင် တို့ကလည်း ပြောင်းလဲလာလျက် ရှိပါသည်။ ခေတ်ပေါ်ကဗျာ ရေးဖွဲ့သူ အများအပြား ပေါ်ထွက်လာသကဲ့သို့ ထိုခေတ်ပေါ်ကဗျာကို ဖတ်ရှုခံစားသူ မှာလည်း အများအပြား ရှိလာပါသည်။ သို့ရာတွင် ခေတ်ပေါ်ကဗျာ အများစုကို ကဗျာဖတ်သူတို့ အနေဖြင့် အသေအချာ နားလည်လွယ်ခြင်း မရှိသည့် အချက်ကလည်း ရှိနေပါသေးသည်။ ထို့ကြောင့် ခေတ်ပေါ်ကဗျာ တစ်ပုဒ်ဖြစ်သော **ကြည်အေး၏ “ထွက်ပြေးချင်တယ်” ကဗျာကို ခေတ်ပေါ်ကဗျာ လေ့လာနည်း သဘောတရားများနှင့် ချဉ်းကပ်၍ ကဗျာဖတ်သူ ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤသို့ လေ့လာတင်ပြရခြင်းဖြင့် ခေတ်ပေါ်ကဗျာ အလှနှင့် စေတနာကို ရရှိခံစားလာရမည် ဖြစ်ပါသည်။**

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်

**အခန်း ၁**

ကဗျာစာဆို ကြည်အေးကို အဖ ဦးဟန်(ကုန်သည်) နှင့် အမိ ဒေါ်ငွေယုန်တို့မှ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်မြို့၊ လှည်းတန်းရပ်၌ ဖွားမြင်ခဲ့ပါသည်။ အမည်ရင်းမှာ ဒေါ်သောင်းကြည် ဖြစ်ပါသည်။ တတိယတန်း အရောက်တွင် စစ်ကြီးဖြစ်၍ စစ်ဘေးမှ လွတ်ကင်းရာ တောရွာတောမြို့များ၌ ပြေးလွှားရင်း အချိန်ကုန်ခဲ့ရပါသည်။ စစ်ကြီးပြီးသောအခါ ကုလားအဘိုးကြီး ကေကေမီတြ ထံတွင် အင်္ဂလိပ်စာ သင်ကြားခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ဆေးပညာသင် ယူခဲ့ပါသည်။ ဆေးပညာ တတိယနှစ်တွင် ကျောင်းထွက်ခဲ့ပါသည်။ ထို့နောက် ဝိဇ္ဇာစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဦးတင်မြင့်နှင့် အိမ်ထောင်ပြုခဲ့သည်။

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် အမှုထမ်းခဲ့သည်။ အင်္ဂလန်ပြည် ဘီဘီစီ အသံလွှင့်ဌာနတွင်လည်း အမှုထမ်းခဲ့သည်။ ဆေးပညာကို တတိယနှစ်မှ ပြန်လည်တက်ရောက် သင်ကြားပြီး ဆရာဝန်ဘွဲ့ ရခဲ့သည်။ အမှုထမ်းရင်း စာပေများကို ပြုစုရေးသားခဲ့သည်။

တာရာမဂ္ဂဇင်း (၁၉၄၆-၅၀) တွင် ကဗျာအများဆုံး ရေးသားခဲ့သည်။ မဂ္ဂဇင်းများ၌ ကဗျာ ၊ ဆောင်းပါး ၊ ပုံပြင် ၊ ဝတ္ထုတို ၊ ဝတ္ထုရှည် ၊ ဘာသာပြန်များ ရေးသားခဲ့သည်။ ‘ မမိုးသူ’ ကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများကို ရေးသားခဲ့သည်။ ထင်ရှားသော လုံးချင်းဝတ္ထုများမှာ “ကျမပညာသည်” ၊ “နွမ်းလျအိမ်ပြန်” ၊ “ဖုန်းသက်တိုင်” ၊ “မီ” ဝတ္ထုတို့ဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန် ပြည်ထောင်စု၌ ကွယ်လွန်ဆုံးပါးခဲ့ပါသည်။

**အခန်း ၂**

**ခေတ်ပေါ်ကဗျာ၏ သဘောသဘာဝ**

၁၉၇၀ ခုနှစ်မှ စတင်ဖြစ်ပေါ်လာသော ခေတ်ပေါ်မြန်မာ ကဗျာများသည် မျက်မှောက်ခေတ်တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လာပြီဖြစ်ပါသည်။ ခေတ်ပေါ်မြန်မာ ကဗျာများသည် ကာရန်စည်းပျော့ပျော့ဖြင့် သစ်လွင်သောအကြောင်းအရာကို ဆန်းကြယ်သော စိတ်ကူးဖြင့် ဖန်တီးပုံဖော်ထားသော ကဗျာ ဟန်သစ်ကို အခြေခံ၍ ဖြစ်ထွန်းတိုးတက်လာခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့် ခေတ်စမ်းနှင့် တာရာခေတ်ကဗျာများကို အခြေခံ၍ တိုးတက်ဖွံ့ဖြိုး လာခြင်း ဖြစ်ပါသည်။ ၂၁ ရာစုမှစ၍ ခေတ်ပေါ်မြန်မာ ကဗျာများတွင် ခေတ်ပြိုင်ခံစားမှုများကို အသားပေး ရေးဖွဲ့လာခဲ့ကြပါသည်။

ခေတ်ပေါ်ကဗျာနှင့် ပတ်သက်၍ ဆရာမြဇင်က

“ခေတ်ကိုကိုယ်စားပြုတဲ့ ခေတ်ပေါ် ကဗျာဟာ
ခေတ်ရဲ့ အာရုံ ခံစားပုံမှာ အခြေတည်ရမယ်။
ကျွန်တော်တို့ခေတ်မှာ ရေးသားဖွဲ့ဆိုတဲ့
ကဗျာဟာ ကျွန်တော်တို့ ခေတ်ရဲ့ ခေတ်ပေါ်
အာရုံ ခံစားပုံကို ဖော်ကျူးမှသာ ခေတ်ကို

ကိုယ်စားပြုတဲ့ ခေတ်ပေါ် မော်ဒန် ကဗျာ ဖြစ်ပေမယ်”

ဟူ၍ ဖွင့်ဆိုထားပါသည်။ (မြဇင်၊ ၁၉၆၉၊ ၂၅။)

ခေတ်ပေါ် အာရုံခံစားပုံကို ဖော်ကျူးရမည်ဆိုရာတွင် နိုင်ငံရေး တိုးတက်မှု၊ စီးပွားရေး အဆောက်အအုံ၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ စက်မှုပညာထွန်းကားမှု၊ ကမ္ဘာ့အဖြစ်အပျက်များတို့က ပတ်ဝန်းကျင်ကို ဖန်တီး သတ်မှတ်လေ့ရှိကြပါသည်။

ခေတ်ပေါ်ကဗျာများတွင် စကားပြောရစ်သမ်ပါခြင်း၊ ဆောင်းပါးရိပ်ခြည်ပြောဆိုခြင်း၊ နိမိတ်ပုံသင်္ကေတများ သုံးစွဲခြင်း၊ သာမန်ထက်ပိုသော စကားလုံးများသုံးစွဲခြင်း၊ ကာရန်ကို အလေးမထားခြင်း၊ ကာရန်မဲ့ (တနည်းအားဖြင့်) လွတ်လပ်ကာရန်များ သုံးစွဲခြင်း၊ မြို့ပြခံစားမှုများကို ကဗျာဖြင့် သရုပ်ဖော်ရေးဖွဲ့ရာတွင် စာရေးသူ၏ စေတနာမှန်ကန်မှု အတတ်ပညာ ကျွမ်းကျင်မှု နှင့် ဟန်ချက်ညီညီ ရေးတတ်ရန်လည်း အလွန်အရေးကြီးပါသည်။ ထို့ပြင် ခေတ်ပြိုင် ခံစားမှုများကို ချဉ်းကပ်လေ့လာရာတွင် လေ့လာသည့် နည်းစနစ်များစွာရှိပါသည်။

## အခန်း ၃

## ကြည်အေး၏ ' ထွက်ပြေးချင်တယ်' ကဗျာကို ပုဂ္ဂလိက အမှတ် လက္ခဏာအကျဉ်းအကျပ်ရှုထောင့် (Identity Crisis) မှ ချဉ်းကပ်လေ့လာခြင်း

ခေတ်ပြိုင်ခံစားမှုများကို ချဉ်းကပ်လေ့လာရာတွင် လေ့လာသည့် နည်းစနစ်များစွာရှိပါသည်။ ကျမ်းစာတမ်းတွင် ငြိမ်းဝေ၏ ပုဂ္ဂလိကအမှတ် လက္ခဏာ အကျဉ်းအကျပ်ရှုထောင့် ( identity Crisis) ကို အခြေခံ၍ လေ့လာဆန်းစစ်ပြထားပါသည်။ ယင်းလေ့လာမှုတွင်

၁။ လူလူချင်းစာနာ ကြင်နာသနားစိတ်

၂။ ကမ္ဘာနှင့် ဆက်ဆံလိုစိတ်

၃။ မြန်မာ့မျိုးချစ်စိတ်

၄။ မြန်မာ့နိုင်ငံရေးအသိစိတ်

၅။ ကမ္ဘာ့နိုင်ငံရေးအသိစိတ်

၆။ မြန်မာကဗျာ ဖေဒံသိစိတ်

၇။ ကမ္ဘာ ကဗျာ ဖေဒံသိစိတ်

၈။ မြန်မာကဗျာ ဖေဒံသိစိတ်နှင့် ကမ္ဘာ ကဗျာ ဖေဒံသိစိတ်ကို ပေါင်းစပ် (သို့မဟုတ်) ထိတွေ့လိုစိတ်

၉။ သူရဲ့မိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်လိုစိတ်

၁၀။ သမိုင်း (မြန်မာ / ကမ္ဘာ ) သိစိတ်

၁၁။ ကင်းကွာမှု သိစိတ် အနေအထား စသည့် အချက်များ ပါဝင်သည်။ (ငြိမ်းဝေ ၊ ၂၀၀၉၊ ၇၈။)

ထိုအချက်များကို အခန်းငယ်များ ခွဲ၍ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၃.၁ ။ အကြောင်းအရာအကျဉ်းချုပ်နှင့် ရည်ရွယ်ချက်

နံနက်ခင်းတစ်ခု၏ သာယာလှပသော ကြည်နူးဖွယ်ကောင်းသော သဘာဝ အလှအပ များကို မြင်ရကြားရသော်လည်း ထိုအလှတရားကို မခံစားနိုင်ဘဲ စိတ်မွန်းကြပ်နေသော မိန်းမပျိုလေးတစ်ဦး၏ ခံစားမှုကို ရေးဖွဲ့ထားပါသည်။ စားဝတ်နေရေးအတွက် နေ့စဉ်ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှား နေကြရသော မြင်ကွင်းကို တွေ့မြင်ရချိန်တွင် ခံစားရသော မွန်းကြပ်မှုကို ပြေပျောက်စေရန်အတွက် ညဥ့်ဦးယံအချိန်၌ လွတ်လပ်မှုကို ရှာဖွေခဲ့ပါသည်။ သို့သော်လည်း လွတ်လပ်မှု၊ ပျော်ရွှင်မှုကို ရှာဖွေမတွေ့ဘဲ ပို၍ ပင်ပန်းနွမ်းနယ်ခဲ့ရပါသည်။ ထို့ကြောင့် မိမိ၏ ချစ်သူသာလျှင် မိမိ၏ မွန်းကြပ်နေသော စိတ်ခံစားမှုကို လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်မည်ဟု ထင်မှတ်ကာ ချစ်သူအားမျှော်လင့်တောင့်တ နေရရှာသော မိန်းကလေး၏ စိတ်ခံစားမှုကို ဖော်ပြရေးဖွဲ့ထားပါသည်။

ကဗျာ၏ ရည်ရွယ်ချက်မှာ ခက်ခဲကြမ်းတမ်းသော လူမှုဘဝမှ လွတ်မြောက်လိုမှု ကို ဖော်ပြ၍ မျက်မှောက်ခေတ်၏ ယိုယွင်းပျက်စီးနေမှုများကို အသိပေးဖော်ပြလိုခြင်း ဖြစ်ပါသည်။

## ၃.၂ ။ လူလူချင်းစာနာ ကြင်နာစိတ်၊ သနားစိတ်

စာဆိုသည် 'ထွက်ပြေးချင်တယ်' ကဗျာကို ၁၉၄၉ ခုနှစ်တွင် ရေးဖွဲ့ခဲ့ပါသည်။ ထိုခေတ်ကာလသည် တိုင်းပြည်လွတ်လပ်ရေး ရပြီးချိန်ဖြစ်သော်လည်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပြည်သူတို့၏ ဘဝမှာ အေးချမ်းမှု၊ လွတ်လပ်မှုကို မရရှိခဲ့ကြပါ။ နေ့စဉ်နှင့်အမျှ ပင်ပန်းဆင်းရဲမှုများကို တွေ့ကြုံခံစားခဲ့ ရပါသည်။ စားဝတ်နေရေး ဆင်းရဲကျပ်တည်းခဲ့ရသော ပြည်သူတို့၏ ဘဝကို

'မြို့လုံးနေရောင်

အိမ်ခေါင်မိုးတွေ ၊ မီးခိုးဝေညစ်

နွေမိုးဆောင်းတိုင်း၊ အိုကိုင်းညွတ်လာ

ရပ်ရွာလူသူ၊ စကားဆူညံ

အူချာလည်ပြေး၊ အသက်မွေးကြ

ရင်လေးကျပ်ညက်၊ ရူးချင်တယ်' (ကြည်အေး ၊ ၁၉၉၂ ၊ ၆၈)

ဟူ၍ ရေးဖွဲ့ထားပါသည်။

စားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ ပြေးလွှားလှုပ်ရှား၊ ရုန်းကန်နေကြရသော လူသားတို့၏ ဘဝကို စာနာကြင်နာစိတ်များ ဖြစ်ပေါ်လာစေပါသည်။ 'မြို့လုံးနေရောင်၊ မီးခိုးဝေညစ်၊ အိုကိုင်းညွတ်လာ' စသောကာလနောက်ခံ အခြေအနေကို ပေါ်လွင်စေသော အဖွဲ့များ၊ "စကားဆူညံ" ၊ "အူချာလည်ပြေး" ၊ စသော လူမှုနောက်ခံ အခြေအနေကို ပေါ်လွင်စေသော အဖွဲ့များကြောင့် ကဗျာပါ မိန်းမပျိုလေး၏ " ရင်လေးကျပ်ညပ်၊ ရူးချင်တယ်' ဟူသော နှုတ်ထွက်စကားသံဖြင့် မိန်းမပျိုလေး၏ မွန်းကြပ်နေသော စိတ်ခံစားမှုမှ တစ်ဆင့် မျက်မှောက်ခေတ် အခြေအနေဆိုးကို ပေါ်လွင်အောင်

ဖန်တီးတင်ပြ ထားပါသည်။ ထို့ကြောင့် ဤကဗျာသည် လူလူချင်း စာနာကြင်နာစိတ်၊ သနားစိတ် ရှိရမည်ဟူသောအနက်နှင့် ကိုက်ညီမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃.၃ ။ မြန်မာ့မျိုးချစ်စိတ်

စာပေအနုပညာ ဖန်တီးသူတို့သည် ယင်းတို့တွင် တွေ့ကြုံနေရသော အဖြစ်အပျက်များ ခံစားမှုများကို စာပေအနုပညာများဖြင့် ဖန်တီးပုံဖော်လေ့ရှိကြပါသည်။ စာဆိုတို့ ဖန်တီး တင်ပြလေ့ရှိသော စာပေလက်ရာများတွင် စာဆိုတို့၏ မျိုးချစ်စိတ်များလည်း ကိန်းဝပ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။ တနည်းအားဖြင့် တိုင်းပြည်နှင့်လူမျိုး အပေါ်ထားရှိသော စိတ်ကောင်း စေတနာများကို တွေ့ရှိရပါသည်။

စာဆိုကြည်အေးသည် 'ထွက်ပြေးချင်တယ်' ကဗျာတွင် လွတ်လပ်ရေးစပြီး မငြိမ်မသက် ဖြစ်နေသော တိုင်းပြည်၏ အခြေအနေ၊ ရောင်စုံသောင်းကျန်းသူများကြောင့် တိုင်းသူပြည်သားများ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပျက်စီးမှု အခြေအနေတို့ကို သူတွေ့မြင် သိရှိခံစားရသည့်တိုင်း ဖော်ပြရေးဖွဲ့ ထားပါသည်။ ထိုဒုက္ခအခက်အခဲများကို ဖြေရှင်း နိုင်ရန်အတွက် မျိုးချစ်စိတ်ဓာတ် ဖြင့် စည်းလုံးညီညွတ်စွာ တွန်းလှန်ကြရန် လိုအပ်ကြောင်း သတိပြုမိခဲ့ပါသည်။

ထို့ကြောင့် ကဗျာရေးဖွဲ့ချိန် ၁၉၄၉-ခုနှစ် ခေတ်ကာလ၏ အခြေအနေကို

' မိုးလင်းလင်းချင်း
သီချင်းလှိုက်လှိုက်၊ ပန်းငုံကိုက်ဆိတ်
ချိုးသိုက်ဖိုမ၊ ချိုမြအေးလဲ
စိတ်အေးကျပ်ညပ်၊ ရှူးချင်တယ်' (ကြည်အေး ၊ ၁၉၉၂၊ ၆၈)

ဟူ၍ ရေးဖွဲ့ ဖော်ပြထားပါသည်။

လွတ်လပ်ရေးရပြီးစချိန် ဖြစ်၍ လွတ်လပ်ရေးပန်းငုံကို ပြည်သူတို့ မြတ်နိုးတန်ဖိုးထား ကာကွယ်စောင့်ရှောက်ရမည် ဖြစ်သော်လည်း အချင်းချင်း စိတ်ဝမ်းကွဲပြားကာ တိုက်ခိုက်နေကြသဖြင့် လွတ်လပ်ရေး၏ အရသာကို ကောင်းစွာမခံစားရဘဲ ဖြစ်နေကြပုံကို 'မိုးလင်းလင်းချင်း' ၊ 'ပန်းငုံကိုက်ဆိတ်' ဟူသောစကားအဖွဲ့များဖြင့် သင်္ကေတပြုဖော်ပြထားပါသည်။ ထို့ကြောင့် စာဆိုသည် 'စိတ်လေးကျပ်ညပ်၊ ရှူးချင်တယ်' ဟူ၍ သူမ၏ စိတ်ခံစားမှုကို ထပ်ဆင့်ဖွင့်ဆို ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် တိုင်းပြည်၏ လိုအပ်ချက်များ၊ ချွတ်ယွင်းချက်များကို အမျိုးသားရေး အသိစိတ်ဖြင့် အတူတကွ ရင်ဆိုင်ဖြေရှင်းစေလိုသော စာဆို၏ မြန်မာ့မျိုးချစ်စိတ်ကို ဤကဗျာတွင် လေ့လာတွေ့ရှိရပါသည်။

## ၃.၄ ။ မြန်မာ့နိုင်ငံရေးအသိစိတ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အမျိုးသား ရေး အသိစိတ်ပေါ်တွင် များစွာ တည်မှီလျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားရေး အသိစိတ် သည် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးသော နိုင်ငံရေး အသိစိတ် ပေါ်တွင် အခြေတည်ရှိ နေသောကြောင့် ဖြစ်ပါသည်။ နိုင်ငံရေး အသိစိတ်ဆိုသည်မှာလည်း နိုင်ငံ၏ အကျိုးကို ကျရာနေရာမှ တာဝန်ကျေပွန်စွာ သယ်ပိုး ဆောင်ရွက်လိုသော စိတ်ပင်ဖြစ်ပါသည်။

စာဆိုသည် ဤ ကဗျာတွင် ပြည်တွင်းသောင်ကျန်းမှုများကြောင့် လွတ်လပ်ရေး ဆုံးရှုံး ပျောက်ကွယ်သွားမည်ကို စိုးရိမ်သောက ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် တိုင်းပြည်၏ အခြေအနေဆိုးမှ လွတ်မြောက်မှု ကို ရှာဖွေလိုကြောင်းကို

“တစ်ညချိန်တွင်

မီးအိမ်ငြိမ်းလိုက်၊ ညဥ့်ဦးမိုက်မဲ

ကြယ်လဲမပွင့်၊ လမမြင့်မှာ

လွတ်ခွင့်ကိုရှာ၊ စိတ်ချမ်းသာခြင်း

မှောင်မှာ တွေ့ငြား ထွက်လာမိ” (ကြည်အေး ၊၁၉၉၂၊ ၆၈)

ဟူ၍ ရေးဖွဲ့ထားပါသည်။

သာမန်အဓိပ္ပာယ်ထက်ပိုသော အနက်အဓိပ္ပာယ်ကျယ်ဝန်းသော သင်္ကေတ အသုံးတို့ဖြင့် တိုင်းပြည်၏ ဖြစ်ပျက်နေသော အခြေအနေ အရပ်ရပ်တို့ကို ပုံဖော်ဖန်တီး၍ပြည်သူများအသိ၊ သတိ ရှိရန်လှုံ့ဆော် ပေးထားပါသည်။ သွေးစည်းသောနိုင်ငံ၊ ညီညွတ်သော လူမျိုးတို့သည် ထာဝရဖွံ့ဖြိုး တိုးတက် မည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိသောနိုင်ငံ လူမျိုးတို့သည် ထာဝရ နိမ့်ကျ ဆုတ်ယုတ် ပျက်ဆီးနေမည်ဖြစ်ကြောင်း အသိပေးလမ်းညွှန် ဖော်ပြထားသည် ဟုဆိုရပါမည်။ အမျိုးသားရေးအသိ ၊နိုင်ငံရေး အသိတို့ဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်ရွက်ပေးလိုသော စာဆို၏ နိုင်ငံရေး အသိစိတ် ကို လေ့လာတွေ့ရှိပါသည်။

## ၃.၅ ။ မြန်မာကဗျာဗေဒ သိစိတ်

ကဗျာစာဆိုတို့ ဖန်တီးသော စာများတွင် မြန်မာ့ပတ်ဝန်းကျင်၏ အငွေ့အသက်တို့ ထင်ဟပ်လျက် ရှိကြပါသည်။ မြန်မာကဗျာတို့သည် စာဖတ်သူတို့၏ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေရန်၊ ကိုယ့်မြေကိုယ့်ရေကို ချစ်မြတ်နိုးစေရန် လှုံ့ဆော်ပေးနိုင်စွမ်းလည်း ရှိကြပါသည်။ ယင်းကို မြန်မာကဗျာ ဗေဒ သိစိတ်ဟုလည်း ဆိုကြပါသည်။

‘ထွက်ပြေးချင်တယ်’ ကဗျာတွင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပြည်သူတို့၏ ဘဝ ငြိမ်းချမ်းမှုမရှိပုံ၊ နိုင်ငံပျက်စီးဆုံးရှုံးရပုံ တို့ကို တွေ့ကြုံခဲ့ရသော စာဆိုသည် သူ၏ ခံစားချက်ကို ကဗျာဖြင့် ဖန်တီးပုံဖော်ပြခဲ့ပါသည်။ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု မရှိဘဲ သွေးကွဲနေကြသဖြင့် တိုင်းပြည်၏ လွတ်လပ်ရေး ဆုံးရှုံးမည်ကို စိုးရိမ်သောက ရောက်နေသော စာဆို၏ ခံစားမှုမှတစ်ဆင့် တိုင်းပြည်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ကြောင့်

အဆင့်ဆင့် အသိပေး တင်ပြထားပါသည်။ ကလောင်လက်နက်စွဲကိုင်ကာ တိုင်းပြည်အေးချမ်း သာယာရေးအတွက် ကြိုးပမ်း အားထုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ တနည်းအားဖြင့် ထိုခေတ်ကာလ၏ အခြေအနေမှ တစ်ဆင့် မြန်မာကဗျာ ဗေဒ သိစိတ်ကပေးသော အသိပညာ ဖန်တီးမှု ပညာတို့သည် တိုင်းပြည်အေးချမ်းသာယာရေးကို ဦးတည်နေကြောင်း ဖော်ပြလျက်ရှိပါသည်။

## ၃.၆ ။ သူ (ကြည်အေး)၏ မိုးကုတ်စက်ဝိုင်းကိုချဲ့ထွင်လိုစိတ်

ကဗျာစာ ဆိုသည် သူ၏ အတွေး၊ ခံစားချက်၊ စိတ်ကူး၊ အမြင်၊ လူမှုရေး၊ စီးပွားရေး စသည်ဖြင့် အကြောင်းအရာ အမျိုးမျိုးကို ရေးဖွဲ့တင်ပြလေ့ရှိပါသည်။ အထူးသဖြင့် စိတ်ခံစားမှုကို လွတ်လွတ်လပ်လပ် ရေးသားတင်ပြလေ့ ရှိပါသည်။ အကြောင်းအရာပိုင်း သာမက ကဗျာ ပုံသဏ္ဌာန်ပိုင်းတွင်လည်း ရှေးဟောင်း ဂန္ထဝင် စည်းကမ်းများမှ ရုန်းထွက်လာကြသည်။

ကြည်အေး၏ 'ထွက်ပြေးချင်တယ်' ကဗျာတွင် တိုင်းပြည်အေးချမ်းသာယာမှုမရှိသောကြောင့် ပြည်သူတို့၏ ဘဝ မတည်မငြိမ် ဖြစ်ခဲ့ရပုံ၊ အသက်ရှင်နေထိုင်ရန်အတွက် နေ့စဉ်နှင့် အမျှ ပင်ပန်းဆင်းရဲစွာ လှုပ်ရှား ရုန်းကန်နေရပုံ စသည့် မျက်မှောက်ခေတ် လူမှုဘဝ အခြေအနေတို့ကို စာဆို၏ ခံစားမှုမှ တစ်ဆင့် ဖော်ပြထားပါသည်။ ထို့ကြောင့် တိုင်းပြည်အေးချမ်း သာယာမှ ပြည်သူတို့၏ လူမှုဘဝ အေးချမ်း သာယာမှု ရှိမည် ဖြစ်ကြောင်း စာဆို၏ အမြင်ကို ကဗျာဖြင့် ပုံဖော်ပြခဲ့ပါသည်။ ထိုသို့ ပုံဖော်ရာတွင် ဇာတ်လမ်းအသွင်ဖြင့် ဖန်တီး ပုံဖော်ထားပါသည်။ ကဗျာပါ ဇာတ်လမ်းတွင် မိန်းမပျိုလေးသည် စိတ်ထွက်ပေါက်အဖြစ် ချစ်သူကို မျှော်လင့် တမ်းတနေရပုံဖြင့် ဖန်တီးပုံဖော်ထားပါသည်။ ယင်းကို

'မှောင်ကြီး မဲ (မည်း)ကြီး
မရဲတရဲ၊ တစ်ယောက်တည်း (တည်း) ပင်
ဘာလဲမမြင်၊ စမ်းသပ်ဝင်ခဲ့
မြေပြင်သိပ်သည်း (သဲ)၊ မောပန်းလှဲချ
ရွက်မြကြပ်ပိတ်၊ သစ်အေးရိပ်၌
အိပ်မယ်ကြံမှာ၊ မောင့်ကိုသာတွေး
ဘယ်ခါလွတ်ပါ့မလဲကွယ်"။ (ကြည်အေး ၊ ၁၉၉၂၊ ၆၉)

ဟူ၍ ရေးဖွဲ့ထားပါသည်။

စာဆိုက ၁၉၄၉ ခုနှစ် မြန်မာပြည်အခြေအနေကို 'မှောင်ကြီးမဲကြီး'၊ ဟုလည်းကောင်း၊ မွန်းကျပ်နေသောပြည်သူတို့၏ ဘဝကို လွတ်မြောက်မှုရှာနေသော မိန်းမပျိုလေး အဖြစ်လည်းကောင်း၊ ပြည်သူတို့ မျှော်လင့်နေသော အေးချမ်းသာယာသည့် တိုင်းပြည်ကို ချစ်သူအဖြစ် လည်းကောင်း တင်စားရေးဖွဲ့ထားပါသည်။ ထို့ကြောင့် စာဆို၏အတွေး၊ စိတ်ကူး၊ အမြင်တို့သည် သူ၏ ကိုယ်ကျိုးဆန္ဒ တစ်ခုတည်းကိုသာ ဦးတည်ရေးဖွဲ့ထားခြင်းမျိုး မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဦးတည်ရေးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရသဖြင့် ကျယ်ပြန့်လေးနက်မှုရှိသည်ဟု ဆိုရပါမည်။ အများအကျိုးကို လိုလားသော စာဆို၏ စေတနာကို တွေ့မြင်ရပါသည်။

တစ်ဖန်ကဗျာ ရေးစပ်ရာတွင်လည်း ဂန္ထဝင် ကဗျာလမ်းကြောင်းမှ ရုန်းထွက်ရန် စာဆို၏ စိတ်ခံစားချက်များကို ဦးစားပေးရေးဖွဲ့ထားသည်ကိုလည်း တွေ့ရှိရပါသည်။ အပြောစကားများကို အများဆုံးအသုံးပြု၍ ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

### ၃၊၇ ။ သမိုင်း (မြန်မာ/ ကမ္ဘာ) သိစိတ်

လူသားတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ သမိုင်းကြောင်းကို သိရှိရန်များစွာ လိုအပ်ပါသည်။ အတိတ်ဖြစ်ရပ်မှ ကောင်းကွက်များကို အတုယူကျင့်ကြံကာ ဆိုးကွက်များကို သင်ခန်းစာ အဖြစ်ယူရမည် ဖြစ်ပါသည်။ ကျယ်ပြန့်သော အမြင်နက်ရှိုင်းသော အတွေးအခေါ် ရှိရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံသားတို့သည် ခေတ်အဆက်ဆက်အုပ်ချုပ်မှု အမျိုးမျိုး၊ စနစ်အမျိုးမျိုးကို တွေ့ကြုံ ဖြတ်သန်းခဲ့ ကြရပါသည်။ ထိုသို့ ဖြတ်သန်းခဲ့ရသော ခရီးတစ်လျှောက်တွင် အဆိုးအကောင်း၊ အမှားအမှန်၊ အကျိုးအပြစ်များကို ဆင်ခြင်၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ဦးတည်လျှောက်လမ်းရမည်ဖြစ်ပါသည်။

စာဆိုရေးဖွဲ့ခဲ့သော 'ထွက်ပြေးချင်တယ်' ကဗျာသည် ၁၉၄၉ ခုနှစ် လွတ်လပ်ရေး ရပြီးစ အချိန်တွင် ရေးဖွဲ့ခဲ့သော ကဗျာဖြစ်၍ ထိုခေတ်ကာလ၏ တိုင်းပြည်အခြေအနေများ၊ အဖြစ်အပျက်များကို သင်ခန်းစာယူကာ လွတ်လပ်ရေးမဆုံးရှုံးရန်အတွက် တိုင်းရင်းသား အားလုံးသွေးစည်းညီညွတ်ရန်လို အပ်ကြောင်းကို ဦးတည်ရေးဖွဲ့ထားကြောင်း လေ့လာ တွေ့ရှိရပါသည်။

ထို့ကြောင့် ခေတ်အဆက်ဆက် သူရဲကောင်းတို့၏ အသက်သွေးချွေးတို့ကို စတေးကာ အဂ္ဂယူထားသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စေလိုသော တန်ဖိုးထားစေလိုသော စာဆို၏ အတွေးအမြင်၊ ဆန္ဒ သဘောထားတို့ကို တွေ့ရှိရပါသည်။ နိုင်ငံသိစိတ် အမျိုးသားရေးသိစိတ်၊ မျိုးချစ်စိတ်တို့ဖြင့် တိုင်းပြည်သာယာဝပြောအောင် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်မှသာလျှင် အနာဂတ် နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်သာယာ ဝပြောမည်ဖြစ်ကြောင်း၊ ကဗျာဖြင့် အသိပေးနှိုးဆော် တင်ပြထားကြောင်း လေ့လာတွေ့ရှိ ရပါသည်။ နိုင်ငံရေးအသိစိတ်ဖြင့် မြန်မာ့သမိုင်းကို မီးမောင်းထိုးပြထားခြင်း ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ကြည်အေး၏ 'ထွက်ပြေးချင်တယ်' ကဗျာသည် ၁၉၄၉ ခုနှစ် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံကို နောက်ခံထား၍ စိတ်ကူးဖြင့် ဇာတ်လမ်းဆင်ကာ ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြစ်သည်။ စာဆို၏ ဦးတည်ချက်ကို ပေါ်လွင်စေရန်အတွက် ခေတ်ပြိုင်ခံစားမှုသီအိုရီဖြင့် လေ့လာတင်ပြခဲ့ပါသည်။

ကဗျာစာဆိုနှင့် ပတ်ဝန်းကျင်ဆက်စပ်မှု၊ ကဗျာစာ ဆို၏ ခံစားမှု အတွေးအမြင်တို့မှတစ်ဆင့် ကဗျာ၏ ဦးတည်ချက်မှာ ပေါ်လွင်လာရုံမျှသာမက ကဗျာခံစားသူတို့၏ ရင်ထဲပါရောက်ရှိစေသော ကဗျာကောင်း တစ်ပုဒ်အဖြစ် လေ့လာတွေ့ရှိရပါသည်။

တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုမရှိခြင်း၏ နောက်ဆက်တွဲ ပြဿနာများကြောင့် ခံစားနေရရှာသော ပြည်သူတို့၏ ဘဝကို စာနာစိတ်၊ ဂရုဏာစိတ် ကြီးစွာဖြင့် ရေးဖွဲ့ထားသော စာဆို၏ စိတ်ကောင်းစိတ်မြတ်ကို တွေ့ရှိရသကဲ့သို့ ကမ္ဘာ့အလယ်မှာ မြန်မာ ဟူ၍ ထည်ထည်ဝါဝါ ထင်ထင်ရှားရှားဖြစ် စေလိုသော စာဆို၏ နိုင်ငံရေး သိစိတ်၊ မျိုးချစ်စိတ် တို့ကိုလည်း တွေ့မြင်ရပါသည်။

ပြည်သူတို့၏ ဘဝ အမှန်နှင့် ခံစားချက်များကို ဖော်ထုတ်ရာတွင် သင်္ကေတ အသုံးအနှုန်းဖြင့် ဖော်ဆောင်ထားနိုင်ပါသည်။ ကာရန်စည်းမျဉ်းလျော့လျော့ဖြင့် ရေးဖွဲ့ထားသော ခေတ်ပြိုင်ခံစားမှု ကဗျာကောင်း တစ်ပုဒ်အဖြစ် ရေးဖွဲ့ထားနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် စာဆို၏ခံစားမှုများသည် ငြိမ်းချမ်းရေး၊ အမျိုးသားရေး စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေး စသည့် အမျိုးသားရေး အသိစိတ်များ ကိန်းအောင်း နေသည်ကို အထင်အရှား တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို အလူးအလဲ ခံနေရရှာသော ပြည်သူတို့၏ ဘဝ အခြေအနေကို ပေါ်လွင်အောင် ဖော်ပြထားနိုင်သော ကဗျာကောင်းတစ်ပုဒ် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ကဗျာစာဆို ကြည်အေးသည် ဂန္ထဝင် ကဗျာ ရေစီးကြောင်းမှ ခွဲထွက်၍ အကြောင်းအရာအသစ် ၊ပုံသဏ္ဌာန် အသစ်၊ အတွေးသစ်အမြင်သစ် များဖြစ် ခေတ်ပြိုင် ခံစားမှုများကိုအဓိကထား၍ ရေးဖွဲ့တင်ပြ ထားပါသည်။ ခေတ်ပေါ် ကဗျာများကိုလေ့လာ ရာ၌အခြားသောခေတ် ပေါ် ကဗျာများ လေ့လာသည့် နည်းစနစ်များ ဖြင့်လည်း ဆက်လက် လေ့လာနိုင် ကြောင်း တိုက်တွန်းလိုက်ရပါသည်။

## ကျမ်းကိုးစာရင်း

ကြည်အေး။ ။ (၁၉၉၂) ။ ကြည်အေးကဗျာများ၊ ရန်ကုန် မိုးမင်းစာပေ

ငြိမ်းဝေ။ ။(၂၀၀၉) ။ကွန်းဆက်သူရယ် ကဗျာဗေဒ နဲ့ ခေတ်ပြိုင် ကဗျာ၊ ရန်ကုန် စိတ်ကူးချိုချိုပုံနှိပ်တိုက်

မြတင် ။ ။ (၁၉၆၉) ။ ကဗျာ့နရီနှင့် နမိတ်ပုံ ။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်